ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ညောင်ဦး မြို့နယ်

# လူထု ဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan ( VDP )

ကောင်းပင်စည် ကျေးရွာ ၊ တောင်ဇင်း အုပ်စု

၂၀၁၇ ခုနှစ်

ညောင်ဦးမြို့

<u>မာတိကာ</u>

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


# ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း




Theikdi Maung (M&E/MIS)

တောင်းပင်တဲ ကျေးရွာ

တောင်ရင်းအုပ်စု



- အိမ်
- ဘုန်းကြီးကျောင်း
- ဓမ္မာရုံ
- စက်ရေတွင်း
- စေတီ
- ရေကန်
- တယ်လီဖုန်းတာဝါ
- မီးတိုင်
- မိုးတွင်းလက်ယက်တွင်း
- စာသင်ကျောင်း
- မြစ်ရေတင်
- လမ်း
- ချောင်း
- ယာခင်း
- မကျည်းပင်
- ဈေး

# လူမှုရေး/အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ　　　　တောင်ဇင်းအုပ်စု　　　　ရက်စွဲ ၊ ၁၁ ၊ ၁ ၊ ၂၀၁၇

ကောင်းပင်စည်ကျေးရွာ လူမှုရေး/အရင်းအမြစ်ပြမြေပုံကို သုံးသပ်ခြင်းအားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၃၆၈ ) ရှိကြောင်း သိရပါသည်။ သို့သော် ရွာထဲတွင် အားလုံးနေထိုင်မှု မရှိကြဘဲ ယာတော ၊ ထန်းတောများတွင် ထန်းသမားများ နေထိုင်ကြောင်း သိရှိရပါသည်။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ဘုန်းကြီးကျောင်း ၊ စေတီ ၊ စာသင်ကျောင်း နှင့် တဲစုလေးများ တည်ရှိပါသည် ။ တောင်ဘက်ပိုင်းတွင် ဓမ္မာရုံ ၊ ရေကန် ၊ စက်ရေတွင်း ၊ ပွဲရုံ/စားသောက်ဆိုင် ၊ ဘုန်းကြီးကျောင်း ၊ ထရွန်စဖော်မာ ၊ မီးတိုင်များနှင့်မိုးတွင်းလက်ယက်တွင်းများကို တွေ့ရှိရပါသည် ။ အနောက်ဘက်ပိုင်းတွင် ညောင်ဦး-ကျောက်ပန်းတောင်းလမ်းမကြီးနှင့်ဗျတ္တစျေး တည်ရှိပြီး မြောက်ဘက်ပိုင်းတွင် ရှင်ပင်ပွင့်လင်းဘုရား ၊ မြစ်ရေတင် ၊ ရေကန် ၊ တောင်ဇင်းတိုက်နယ်ဆေးရုံ ၊ တောင်ဇင်း အ.ထ.က ကျောင်းများ တည်ရှိပါသည် ။ ကျေးရွာတွင် မီးရရှိသော်လည်း မီးအားမပြည်မှီသောကြောင့် ရေလည်းခက်ခဲနေသည်ကို ကျေးရွာလူထုပြောပြချက်အရ သိရှိရပါသည် ။ တောပိုင်းတွင် ရေပိုက်လိုင်းများ ခက်ခဲနေသည်ကို သိရပါသည်။ သဘာဂအရင်းအမြစ်များအနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း ၊ ထန်းတက်သောအလုပ် ၊ မကျည်းရွက် ၊ သီးများကို လုပ်ကိုင် စားသောက်နိုင်ကြောင်းကိုသုံးသပ်မိပါသည်။ ရွာ၏တောင်ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ အသုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ကျေးရွာ၏ လူမှုရေး/အရင်းအမြစ်ပြမြေပုံကိုဆွဲခြင်းအားဖြင့် ကျေးရွာသူ/သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိအခြေအနေနှင့် ကျေးရွာတွင်ရှိနေပြီးဖြစ်သော သဘာဂအရင်းအမြစ်များကို သိရှိလာကြပါသည်။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင် မီးအားမပြည့်မှီခြင်း ၊ သောက်သုံးရေ ခက်ခဲခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်းနှင့် ဂင်ငွေ နည်းပါးနေခြင်းများ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

# တောင်ဖင်း အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ဘုန်းတော်

၂။ ကောင်းပင်စည်

၃။ ထနောင်းစု

၄။ မကျည်းစောက်

၅။ ကုန်းရွာ

၆။ ကွမ်းဖလား

၇။ ထရိုင်းတော

၈။ တောရွာ

၉။ စံပြ

၁၀။ ပနီတွင်း

၁၁။ ကံကွဲ

၁၂။ ခွေးပြုတ်

၁၃။ ညောင်လှ

# ကျေးရွာ သမိုင်းကြောင်း

ကျေးရွာ အမည် = ကောင်းပင်စည် အုပ်စု အမည် = တောင်ဇင်း ရက်စွဲ ။ ၁၃.၁.၂၀၁၇

| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက် | | ဖြေရှင်းပုံ |
|---|---|---|---|---|---|
| | | | ဆိုးကျိုး | ကောင်းကျိုး | |
| ၁ | အေဒီ ၁၃ ရာစု | ပုဂံခေတ်မှာ(၄၅)ရွာ ရှိခဲ့တယ်.ကောင်းပေမိ ရွာပါဝင်ခဲ့တယ်.အိမ်ခြေ (၁၉)အိမ်တည် ဆောက်ခဲ့တယ် | | ရွာဖြစ်လာသောကြောင့် ကောင်းကျိုးဖြစ်ခဲ့ပါသည် | ကျေးရွာလူထု |
| ၂ | ၁၂၃၅ ဂါခေါင်လပြည့် | ဘုန်းကြီးကျောင်းစတင်တည်ဆောက်ခဲ့ပါ သည်.မင်းကျောင်း ကျောင်းတိုက် | | ဗုဒ္ဓဘာသာ/သာသနာ ထွန်းကားခဲ့ပါသည် | ဂန်ထောက်မင်း ဦးရွှေကင်း+ဒေါ်မယ်ချိန် ဇေ ျးရွာလူထု |
| ၃ | ၁၂၉၁ | ဘုန်းကြီးကျောင်းကို ပြန်လည် ပြင်ဆင်ခဲ့ ပါသည် | | | ဂန်ထောက်မင်း ဦးဖိုးချစ် ကျေးရွာလူထု |
| ၄ | | ကောင်းပင်စည်ရွာလယ်တွင် ဗျတ္တလမ်း ဟောင်းရှိခဲ့ပါသည်။ရွာတောင်ဘက်သားမနီး ကန်၊ရွာမြောက်ဘက် ပန်းဆက်သရာတွင် နားနေချိန်ပန်းပွင့်သောကြောင့်ရှင်ပင်ပွင့်လင်း ဘုရားရှိပါသည် | | | |

# ကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ　　　　တောင်ဖင်းအုပ်စု　　　　ရက်စွဲ ၊ ၁၁.၁.၂၀၁၇

ကောင်းပင်စည်ကျေးရွာသည် ယခင်က ကောင်းပေမိရွာ ဟု ခေါ်ဆိုခဲ့ရာမှ ယခုအခါတွင် ကောင်းပင်စည်ကျေးရွာဟု ပြောင်းလဲလာခဲ့သည်ကို သိရှိရပြီး ပုဂံခေတ် ( ၄၅ ) ရွာတွင် ပါဝင်ခဲ့သည်ကိုလည်း သုံးသပ်မိပါသည် ။ ကျေးရွာစတင် တည်ထောင်စဉ်က အိမ်ခြေ ( ၁၉ ) အိမ်နှင့် ရွာတည်ခဲ့သည်ဟုလည်း သိရှိခဲ့ရပါသည် ။ ကျေးရွာတွင် ဘုရား ၊ စေတီပုထိုးများ ရှိနေသည်ကို တွေ့ရှိရသောကြောင့် သာသနာ ထွန်းကားခဲ့သည်ကိုလည်း သိခဲ့ရပါသည် ။ ရာဇဝင်များကိုလည်း တွေ့ရှိခဲ့ရပြီး ကန်တူးဖော်ရာတွင် ကလေးများ မနိုးသေးသောအချိန်တွင် ပြီးဆုံးသွားသောကြောင့် သားမနိုးကန် ဟု အမည်တွင် ခေါ်ဆိုခဲ့သည်ဟု သိရှိခဲ့ရပါသည် ။ ဗုဒ္ဓသည် ပန်းဆက်သ လာရာတွင် ရွာ၏ မြောက်ဘက် နားနေချိန်တွင် ပန်းပွင့်လာသောကြောင့် ရှင်ပင်ပွင့်လင်း ဘုရား တည်ထားကိုးကွယ်ခဲ့ပါသည် ။ ကောင်းပင်စည်ကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုပေါင်းတက်ကြွစွာ လုပ်ဆောင်ခဲ့သည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထ လုပ်ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။

လူထုပေါင်းစုံပါဝင်သော လူမှုဘဝဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(CPSA / PRA) အကျဉ်းချုပ် ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကတွေ့ရှိချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးနှင့် သယံဇာတပြမြေပုံ (social map/ Resource map) | ၃၁.၁ ၂၀၀၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၁၅ | ၁၈ | ၃၃ | ကျေးရွာနယ်နိမိတ် အတွင်းရှိ အိမ်ခြေ၊ယာ မြေ စိုက်ခင်း၊ဘုရား ပုထိုးများစသော ကျေးရွာ၏ လက်ရှိအခြေ အနေနှင့် ပိုင်ဆိုင်မှုပြ အခြေအနေ များကို ဆွေးနွေး ဖော်ထုတ် ပါသည်။ |
| ၂။ | ရာသီဥတုပြ ပြက္ခဒိန် (Seasonal Calender) | ၁၁.၁ ၂၀၀၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၁၅ | ၂၀ | ၃၅ | ရာသီဥတု စိုက်ပျိုးသီးနှံ များ လယ်ယာလုပ်ငန်း များ၊ မွေးမြူရေး လုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေး အစီအစဉ်ပြ ဇယား (Metric Ranking) | ၁၁.၁ ၂၀၀၇ | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | ၆၃ | ၁၀၄ | ၁၆၇ | ကျေးရွာသူ ကျေးရွာသား များ၏ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်း လုပ်ငန်းခွဲများကို ညှိနှိုင်း တိုင်ပင်ဆွေးနွေး၍ ကြသ |

လူထုပေါင်းစုံပါဝင်သော လူမှုဘဝဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်

(PSA / PRA) အကျဉ်းချုပ် ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၄။ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁၁.၁.၂၀၁၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၁၅ | ၁၃ | ၂၈ | ကျေးရွာအတွင်းတွင် ရှိနေသော လူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထု အကြား ချိတ်ဆက်မှုကို ထင်ဟပ်မြင်သာ ရှိအောင်ဖော်ဆောင် နိုင်ခဲ့သည်။ |
| ၅။ | လူမှုစီးပွား အဆင့်သတ်မှတ် ခြင်း (Wealth Ranking) | ၁၁.၁.၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ ဆင်းပါး | ၁၂ | ၈ | ၂၀ | ကျေးရွာအတွင်းရှိ လူများ အကြား ငွေကြေး ပစ္စည်း ဥစ္စာ၊ နေအိမ်အဆောက်အဦဆိုင်ရာ အဆင့်ကွဲပြားခြားနားခြင်း ဖြင့် ကျေးရွာအတွက် လိုအပ်မည့်ဝင်ငွေ ရရှိရေး အစီအစဉ် များကို ထည့် သွင်းစဉ်းစားနိုင်ရန် စဉ်း ခဲ့ကြသည်။ |
| ၆။ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁၁.၁.၂၀၁၇ | ကျေးရွာသူ / ကျေးရွာသား များ၊ အမျိုးသား အုပ်စု၊ အမျိုးသမီး အုပ်စု | ၂၀ | ၂၅ | ၄၅ | အမျိုးသား နှင့် အမျိုး သမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း တန်းတူအခွင့်အရေး ပညာသင်ကြားနိုင်မှု၊ ဘဝဖွံ့ဖြိုးမှု စသည့်အခြေ အနေအလားအလာ ကိုဆွေးနွေး ခဲ့ကြသည်။ |

# ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ အမည် = ကောင်းပင်စည်

အုပ်စု အမည် = တောင်ဖြေး

ရက်စွဲ ။ ၁၁.၁.၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲတော်ချိန် | | | | | | | | | | | | |
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုး ချိန် | | | | | | | | | | | | |
| ရိတ် သိမ်း ချိန် | | | | | | | | | | | | |
| ထနုံး တက် ချိန် | | | | | | | | | | | | |
| ဝင်ငွေ / ထွက်ငွေ | | | | | | | | | | | | |
| ရေ အား ပါး ချိန် | | | | | | | | | | | | |
| ကျန်း မာ ရေး | | | | | | | | | | | | |

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ                    တောင်ဖင်းအုပ်စု                    ရက်စွဲ ၊ ၁၁.၁.၂၀၁၇

ကောင်းပင်စည်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်းအား သုံးသပ်ရာတွင် ကျေးရွာတွင် နတ်တော်လသည် ရွာ၏ အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ပါသည်။ ကျန်လများတွင်လည်း ပွဲတော် ၊ အလှူပွဲများ ၊ ပဌာန်း ပွဲတော်များ အနည်းငယ် ရှိနေသည်ကို သိရပါသည် ။ ရာသီဥတုသည် နွေ ၊ မိုး ၊ ဆောင်း ပြောင်းလဲ နေပြီး ဂါဆို ၊ ဂါခေါင်တွင် သီးနှံများ စိုက်ပျိုးကြပါသည် ။ သီးနှံများကို ဂါဆိုလတွင် အများဆုံးစိုက်ပျိုးပြီး နယုန်လနှင့် ဂါခေါင်လများတွင် အနည်းငယ်စိုက်ပျိုးသည်ဟု သုံးသပ်မိပါသည် ။ သီးနှံများကို ရိတ်သိမ်းရာတွင် သီတင်းကျွတ်လ တွင် စတင်ရိတ်သိမ်း၍ တန်ဆောင်မုန်းလ တွင် အများဆုံး ရိတ်သိမ်းပြီး ပြာသိုလတွင် နောက်ဆုံးထား၍ ရိတ်သိမ်းသည်ကိုတွေ့ရပါသည် ။ တပို့တွဲလတွင် ထန်းစတက်ချိန်ဖြစ်၍ တပေါင်း ၊ တန်ခူးလများသည် ထန်းတက်ချိန် အများဆုံး ဖြစ်ပြီး ဂါဆိုလတွင် ထန်းသိမ်းချိန်အဖြစ်တွေ့ရှိရပါသည် ။ ဂင်ငွေတွင် တန်ဆောင်မုန်းလသည် အကောင်းဆုံး ဖြစ်ပါသည် ။ သီးနှံများ ရိတ်သိမ်းချိန် ဖြစ်သောကြောင့်လည်း ဂင်ငွေကောင်းပါသည် ။ တပေါင်းလတွင် ထန်းတက်ချိန်အများဆုံးဖြစ်၍အသင့်အတင့်ဂင်ငွေရှိပါသည် ။ ကျန်လများတွင် အနည်းငယ်သာ ရှိသည်ကို တွေ့ရှိရပါသည် ။ ရေရှားပါးချိန်လများမှာ ပြာသိုလမှ စတင်ပြီး တပို့တွဲလ ၊ တပေါင်းလ နှင့် တန်ခူးလများသည် ရေအရှားဆုံး လများဖြစ်သည်ကို သုံးသပ်မိပါသည် ။ ကျန်လများတွင် မိုးရွာသွန်းသောကြောင့် အနည်းငယ်ရေရှိနေပါသည် ။ ကျန်းမာရေးမကောင်းသော ၊ ဖြစ်တတ်သောလများမှာ တော်သလင်းလတွင်အများဆုံး ဖြစ်ပြီးဂါဆိုလနှင့်သီတင်းကျွတ်လများတွင် အနည်းငယ် ဖြစ်တတ်သည်ကို သုံးသပ်မိပါသည် ။ ထို့ကြောင့် အစည်းအဝေးများလုပ်ငန်းများပြုလုပ်ရာတွင် မည်သည့်လများ၌ လုပ်သင့်သည်ကိုသိရှိလာနိုင်ကြောင်း သုံးသပ်မိပါသည် ။

# ဥစ္စာ ဓန ပိုင်ဆိုင်မှု ခွဲခြားခြင်း

ကျေးရွာ အမည် = ကောင်းပင်စည်　　　အုပ်စု အမည် = တောင်ဝင်း　　　ရက်စွဲ ။ ၁၁.၁.၂၀၁၇

| စဉ် | အုပ်စု | ပိုင်ဆိုင်မှု | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | အပြေလည်ဆုံး အုပ်စု | လယ်မြေဧက (၁၀) အထက် ၊ နွားတစ်ရှဉ်း ၊ ကား ၊ R.C ထပ်ချိုးအိမ် ၊ ဖွဲရုံ ၊ TV ၊ ကျွဲစုံဆိုင် | ၃၀ | ၈ % |
| ၂ | ပြေလည်သောအုပ်စု | လယ်မြေဧက (၅) အထက် ၊ နွားတစ်ရှဉ်း ၊ နံကပ်အိမ် ၊ ဆိုင်ကယ် ၊ TV ၊ စားဝတ်နေရေး (၆) လစာ ဖူလုံ | ၅၀ | ၁၄ % |
| ၃ | အသင့်အတင့်ပြေလည်သောအုပ်စု | လယ်မြေဧက (၅) အောက် ၊ သွပ်မိုးထရံကာအိမ် နွား ၊ ဘဲ ၊ ဝက် ၊ ကြက် ၊ ဖုန်း ၊ ဆိုင်ကယ် စားဝတ်နေရေး (၃) လစာ ဖူလုံ | ၈၀ | ၂၂ % |
| ၄ | မပြေလည်သော အုပ်စု | ထရံကာ သွပ်မိုးအိမ် ၊ ဖုန်း ၊ ဆိုင်ကယ် စားဝတ်နေရေး တစ်နေ့လုပ် တစ်နေ့စား | ၁၇၂ | ၄၈ % |
| ၅ | နွမ်းပါးသော အုပ်စု | ထန်းလက်မိုး ထန်းလက်ကာအိမ် ၊ စားဝတ်နေရေး အလွန် ဆွေမျိုးများနှင့် ကျေးရွာလူထုမှ ကျွေးမွေး စောင့်ရှောက် | ၃၀ | ၈ % |

# ဥစ္စာဓန ပိုင်ဆိုင်မှု ခွဲခြားခြင်း အား သုံးသပ်ချက်


ကောင်းပင်စည်ကျေးရွာ　　　　တောင်ဇင်းအုပ်စု　　　　ရက်စွဲ ၊ ၁၁.၁.၂၀၁၇

ကောင်းပင်စည်ကျေးရွာ၏ ဥစ္စာဓန ပိုင်ဆိုင်မှု ခွဲခြားခြင်းကို သုံးသပ်ရာတွင် ကျေးရွာအခြေနေအရ အုပ်စုအဆင့် ( ၅ ) ဆင့်ဖြင့် သတ်မှတ်သည်ကို တွေ့ရှိရပါသည် ။ အုပ်စု တစ်ခုချင်းစီတွင်လည်း ပိုင်ဆိုင်မှု များကို ကျေးရွာ၏လက်ရှိ အခြေအနေအတိုင်း ဆွေးနွေးသတ်မှတ်ခဲ့သည်ဟု သုံးသပ်မိပါသည် ။ အုပ်စု အဆင့် ( ၅ ) ခုမှာ အပြေလည်ဆုံးအုပ်စု ၊ ပြေလည်သော အုပ်စု ၊ အသင့်အတင့် ပြေလည်သော အုပ်စု မပြေလည်သော အုပ်စု နှင့် နွမ်းပါးသောအုပ်စုတို့ ဖြစ်ပါသည် ။ပိုင်ဆိုင်မှုများကိုသတ်မှတ်ထားသော်လည်း အားလုံးပိုင်ဆိုင်သည်ဟု မဆိုလိုနိုင်ပါ ပျှမ်းမျှစွာ သတ်မှတ်ထားခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာတွင် မပြေလည်သော အုပ်စုများ အများဆုံး ရှိနေပြီး နွမ်းပါးသော အုပ်စုများလည်း ရှိနေပါသည် ။ လူမှုရေး ၊ စီးပွားရေး ၊ အလုပ်အကိုင် ၊ စားဝတ်နေရေးသည် ကျေးရွာတွင်လိုအပ်နေသည်ဟု သုံးသပ်မိ ပါသည် ။

ကောင်းပင်စည်ကျေးရွာတွင် ထိုသို့ သတ်မှတ်ခွဲခြားခြင်းအားဖြင့် ကျေးရွာသူ/သားများအားလုံး သည် မိမိတို့ကျေးရွာ၏ လက်ရှိအခြေအနေ အိမ်ထောင်စုများကို သေချာသိကျွစွာ သိရှိလာသည်ဟု သုံး သပ်မိပါသည် ။ မိမိတို့ ကျေးရွာတွင် မပြေလည်သော အုပ်စုတွင် ပါဝင်သောသူတို့၏ အခက်အခဲများ ၊ လိုအပ်ချက်များကို သိရှိလာသောကြောင့် သူတို့အတွက် ဦးစားပေး စဉ်းစားပေးရန်လည်း သိရှိလာကြ သည် ။ စီမံကိန်းနှင့် ပတ်သက်သော အစည်းအဝေးများ ၊ လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်လာစေရန် ဦးစားပေး ထည့်သွင်းစဉ်းစားပေးဖို့ကိုလည်း သိရှိလာသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရ သော် လူထုဗဟိုပြု စီမံကိန်း၏ ထူးခြားချက်များသည် ကျား ၊ မ တန်းတူ အခွင့်အရေး နှင့် ကျေးရွာရှိ အိမ် ထောင်စု အားလုံးကို ခွဲခြားမှု မရှိစေဘဲ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တန်းတူပူးပေါင်းပါဝင်ဆောင် ရွက် လုပ်ကိုင်ရသည်ကို ကျေးရွာလူထုအားလုံး နားလည်သဘောပေါက်ကြသည်ဟု သုံးသပ်မိပါသည် ။

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဗန်းကားချပ်

ကျေးရွာ - အုပ်စု - ရက်စွဲ ၊ ၁၁.၁.၂၀၁၇




ပါဝင်ဆွေးနွေးသူများ - ကျေးရွာလူထု

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဗန်းကားချပ် သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ　　　　တောင်ဖင်းအုပ်စု　　　　ရက်စွဲ ၊ ၁၁.၁.၂၀၁၇

ကောင်းပင်စည်ကျေးရွာအတွင်းတည်ရှိနေသောအဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များတွင် စက်ဝိုင်းများသည် အကြီး ၊ အလတ် ၊ အသေး ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည် ။ စက်ဝိုင်းများသည် ကျေးရွာ၏ သြဇာပါဝါ ရရှိမှုကို ကိုယ်စားပြုသည်ဟု ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ပါသည် ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာလူထု ၊ လူငယ် အဖွဲ့ ၊ ရေကော်မတီများသည် ကျေးရွာတွင် သြဇာကြီးသော အဖွဲ့များဖြစ်ကြသည်ကို တွေ့ရှိရပြီး ကျောင်းကော်မတီ ၊ လူထုဗဟိုပြု အဖွဲ့ နှင့် မီး ကော်မတီ အဖွဲ့ များသည် အသင့်အတင့်ရှိနေသည်ကို တွေ့ရှိရပါသည် ။ ပရဟိတအဖွဲ့ ၊ ဂေါပကအဖွဲ့ သ.မ အဖွဲ့ ၊ ဆွမ်းလောင်းအသင်း ၊ မြကျွန်းသာ အဖွဲ့ ၊ မမြမေအဖွဲ့ ၊ ငွေမဒေသဘင် အဖွဲ့များနှင့် ဂတ် အသင်းများလည်း ရှိသည်ကို တွေ့ရှိရပါသည် ။ ကျေးရွာအတွင်းရှိ အဖွဲ့များ အားလုံးသည် ကျေးရွာ အုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်နေသည်ကိုလည်း တွေ့ရှိရသောကြောင့် စည်းလုံးညီညွတ်မှု နှင့်ပူးပေါင်း ပါဝင်မှုများ အပြင် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း စုပေါင်း တိုင်ပင် ဆွေးနွေးကြသည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြ ဗန်းကားချပ်အား ဆွဲလိုက်ခြင်းအားဖြင့် ရွာတွင် လက်ရှိတည်ရှိနေသော အဖွဲ့အစည်းများ သိရှိလာခြင်း ၊ ပါဝါရှိသော အဖွဲ့များနှင့် ချိတ်ဆက် နေသောအဖွဲ့များကိုလည်း သိရှိလာကြောင်းသုံး သပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာသည် စုပေါင်းပြီး စည်းလုံးညီညွတ်မှုများနှင့် ဆွေးနွေးတိုင်ပင် လုပ်ဆောင်ကြသည်ကို တွေ့ရှိရပါသည် ။

# ကျား ၊ မပိုင်ဆိုင်မှုပြ ဇယား

ကောင်းမရေချမ်းကျေးရွာ ၊ တောင်ရင်းအုပ်စု

ရက်စွဲ - ၁၁.၁.၂၀၁၇

| အရင်းအမြစ် သုံးစွဲမှု ပုံစံပြ ဇယား | | | အရင်းအမြစ် ထိန်းချုပ်မှု ပုံစံပြ ဇယား | | |
|---|---|---|---|---|---|
| ကျား | မ | ကျား + မ | ကျား | မ | ကျား + မ |
| ဓား | အပ်ချုပ်စက် | ဆိတ် | ဓား | အပ်ချုပ်စက် | ဆိုင်ကယ် |
| နွား | ကုန်စုံဆိုင် | ဝက် | နွား | ရွှေထည် | ပုဆိုး |
| ထွန် | ရွှေထည် | ကြက် | ထွန် | ခေါင်းဘီး | ကုန်စုံဆိုင် |
| နွားလှည်း | ထမင်းချက်ဖို | ဆီးတော | နွားလှည်း | | ထမင်းချက်ဖို |
| ဆီဆုံ | ခေါင်းဘီး | ပိန်းတော | ဆီဆုံ | | ဆိတ် ၊ ဝက် |
| ဆိုင်ကယ် | | သရက်တော | | | ကြက် |
| ပုဆိုး | | မြို | | | ဆီးတော |
| | | ယာခင်း | | | ပိန်းတော |
| | | သံပုရာတော | | | သရက်တော |
| | | မှိုရုံ | | | မြို |
| | | ဓာတ်ကြိုး | | | ယာခင်း |
| | | TV | | | သံပုရာတော |
| | | ရေတွင်း | | | မှိုရုံ |
| | | နာရီ | | | ဓာတ်ကြိုး |
| | | စာသင်ကျောင်း | | | TV |
| | | | | | ရေတွင်း |
| | | | | | နာရီ |
| | | | | | စာသင်ကျောင်း |

# ကျား ၊ မ ပိုင်ဆိုင်မှု သုံးသပ်ချက်


ကောင်းပင်စည်ကျေးရွာ　　　　　　တောင်ဇင်းအုပ်စု　　　　　　ရက်စွဲ ၊ ၁၁.၁.၂၀၁၇

ကောင်းပင်စည် ကျေးရွာ ကျား ၊ မ အရင်း အမြစ် သုံးစွဲမှု နှင့် အရင်းအမြစ် ထိန်းချုပ်မှုပြ ဇယား ကို ကြည့်လိုက်ခြင်း အားဖြင့် ကျေးရွာတွင် သုံးစွဲနေသော အရင်းအမြစ်များကို သိရှိလာပြီး အမျိုးသား များ နှင့် အမျိုးသမီး တို့ သုံးစွဲနေသော အရင်းအမြစ်များကိုလည်း သိရှိလာခဲ့ရပါသည် ။ ထို အရင်းအမြစ် များကို မည်သူတွေက ထိန်းချုပ်နေသည်ကိုလည်း သိရှိလာခဲ့ရပါသည် ။ ကျား ၊ မ ပိုင်ဆိုင်မှုပြ ဇယားကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာ၏ သုံးစွဲနေသော အရင်းအမြစ်များနှင့် ထိန်းချုပ်မှုများကို သိရှိလာသည် ကို တွေ့ရှိရပါသည် ။

# ကျား ၊ မ ရေးရာပင့်ကူအိမ် နှိုင်းယှဉ်ခြင်း

ကျေးရွာ - ကောင်းပင်စည် အုပ်စု - တောင်ဇင်း ရက်စွဲ - ၁၁,၁,၁၇

၊




# ကျား/မ ရေးရာ ပင့်ကူအိမ်   သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ                    တောင်ဖဇင်းအုပ်စု                    ရက်စွဲ ၊ ၁၁.၁.၂၀၁၇

ကောင်းပင်စည်ကျေးရွာ၏ ကျား/မ ရေးရာ ပင့်ကူအိမ်အား သုံးသပ်ခြင်းအားဖြင့်အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့် ( ၅ ) အထိ ရောက်ရှိနေပြီး အမျိုးသားများက ဝင်ငွေပိုပြီး ရရှိနေသည့် အနေအထားတွေ့ရပါသည် ။ ထို့ကြောင့် အမျိုးသမီးများအတွက် အိမ်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည် ။ ပညာရေးမှာ အမျိုးသမီးများက အဆင့် ( ၂) ဆင့်တက်နေသည်ကို တွေ့ရှိရပြီး အမျိုးသမီးများကို ပညာရေးတွင် ဦးစားပေးသည်ဟု သုံးသပ်မိပါသည် ။ ကျန်းမာရေးတွင် အမျိုးသမီးများသည် အမျိုးသားများအောက် အဆင့် ( ၁ ) ဆင့် ရောက်ရှိနေပြီး အမျိုးသားများသည် သွားလာရေး လွယ်ကူသော်လည်း အမျိုးသမီးများသည် မလွယ်ကူသောကြောင့်ဟု သုံးသပ်မိပါသည် ။ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများက ပိုများနေပြီး အမျိုးသမီးများက အိမ်မှုကိစ္စတွင် အလုပ်များနေသောကြောင့် ဖြစ်ပါသည် ။ အစည်းအဝေးများ တက်ရောက်ပါဝင်မှုတွင် အမျိုးသားများက အဆင့် ( ၄ ) ဆင့်အထိ တက်နေပါသည် ။ အမျိုးသမီးများ ပူးပေါင်းပါဝင်ရန် လိုအပ်နေသည်ကို တွေ့ရပါသည် ။ ခေါင်းဆောင်မှု အခြေအနေတွင် အမျိုးသမီးများမှာ အမျိုးသားများအောက် အဆင့် ( ၈ ) အထိ ရှိနေ၍ အမျိုးသားများ အနေဖြင့်အမျိုးသမီးများကို ပူးပေါင်း ပါဝင်ရန် ခေါ်ဆောင်သင့်ပါသည် ။ လုံခြုံမှုတွင် အမျိုးသားများက အဆင့် ( ၇ ) အထိ ကွာဟနေသောကြောင့် အမျိုးသမီးများကို စောင့်ရှောက်ရန် လိုအပ်နေပါသည် ။ အိမ်မှုကိစ္စတွင်အမျိုးသမီးများသည် အဆင့် ( ၉ ) ဆွေးနွေးထားကြပြီး အမျိုးသားများသည် အဆင့် ( ၄ ) တွင် ရှိနေပါသည် ။ ကောင်းပင်စည်ကျေးရွာ၏ ကျား / မ ရေးရာ ပင့်ကူအိမ်ကို ဆွဲလိုက်ခြင်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွာခြားချက်များကို ကျေးရွာလူထုများ ကိုယ်တိုင် သိရှိလာရပါသည် ။ အချုပ်အားဖြင့် ဆိုရသော် မတူညီသော အဆင့်များကိုတူညီအောင် လုပ်ဆောင်ကြပြီး ဖြေးဖြေးချင်း အဆင့်များ တက်သွားအောင် ပူးပေါင်းပါဝင် ဆွေးနွေး လုပ်ဆောင်သင့်သည်ဟု သုံးသပ်မိပါသည် ။

# ပြဿနာ သစ်ပင်

ကောမ်းပင်ထွက် ကျေးရွာ | ကောင်းဇေး အုပ်စု | ၁၁.၁.၂၀၁၇



# ပြဿနာ သစ်ပင် သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ　　　　　တောင်ဖင်းအုပ်စု　　　　　ရက်စွဲ ၊ ၁၁.၁.၂၀၁၇

ကောင်းပင်စည်ကျေးရွာ၏ မီးအခက်အခဲ ပြဿနာသစ်ပင်အား သုံးသပ်ခြင်းအားဖြင့် ပြဿနာ၏ အဓိက အကြောင်းအရင်းအမြစ်ဖြစ်သော ထရွန်စဖာမာမီးအားမပြည့်မှီခြင်း ၊ မီးကြိုးမလုံလောက်ခြင်း ၊ တောပိုင်းတွင် မီးတိုင်များ မရှိခြင်း ၊ စီးပွားရေး အဆင်မပြေခြင်း နှင့် အလုပ်အကိုင် မရှိခြင်းတို့ကြောင့် မီးအတွက် အခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည် ။ ထိုအကြောင်းအရင်းများကြောင့် ကျေးရွာမီးမလင်းခြင်း ၊ ကလေးများ စာကြည့်ဖို့ ခက်ခဲခြင်း ၊ မီးဘေးကြောက်ရခြင်း ၊ ထင်းမီးများ အသုံး ပြုနေရသည့်အတွက် သစ်တောများ ဖြုန်းတီးခြင်း ၊ အလုပ်အကိုင်များ ခက်ခဲခြင်း နှင့် ပညာ ၊ ဗဟုသုတ များ နည်းပါးခြင်းကြောင့် အကြောင်းတရား၏ အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကို သိရှိရပါသည် ။ ထို့ကြောင့် ကျေးရွာတွင် မီးအတွက် လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ထရွန်စဖော်မာ လိုအပ်ခြင်း ၊ မီးတိုင် နှင့် မီးကြိုးများ လိုအပ်ခြင်း နှင့် စီးပွားရေး ကောင်းမွန်စေရန် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိအောင် ဆောင်ရွက်ရန် လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့် ဆိုရသော် ပြဿနာသစ် ပင် ရေးဆွဲလိုက်ခြင်းအားဖြင့် ကျေးရွာတွင် လိုအပ်ချက်များ နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အတွက် ဦးစားပေးလုပ်ငန်းများလည်း သိရှိလာသည်ကို သုံးသပ်မိပါသည် ။ ကျေးရွာလူထုအားလုံးလည်း ကျေးရွာ ၏ အခက်အခဲများအားလုံးကို ဖြစ်ပေါ်စေသော ဇစ်မြစ်များကို သိရှိလာကြောင်း တွေ့ရှိရပါသည် ။

တောင်း: ပင်စီကျေးရွာ

# ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီ

တောင်ရနေး: ဒုပ်ဝ

**ဥက္ကဋ္ဌ** — ဦးဖြေ၊ မောင်
ဒေါ် စန္ဒာ

## ဝယ်ယူရေး ဆပ်ကော်မတီ

- ဥက္ကဋ္ဌ - ဦးချစ်ရွှေ
- မှတ်တမ်းထိန်း - ဦးအောင်အောင်
- အဖွဲ့ဝင် - ဒေါ်စန်းနွဲ့

## စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ

- ဥက္ကဋ္ဌ - ဦးအေးလှ
- အဖွဲ့ဝင် - ဦးအောင်ရွှေ
- အဖွဲ့ဝင် - ဒေါ်ချိုမာ

## လုပ်ငန်းလည်ပတ် ပြုပြင် ထိန်းသိမ်းရေး ဆပ်ကော်မတီ

- ဥက္ကဋ္ဌ - ဦးတင်မောင်ဝင်း
- အဖွဲ့ဝင် - ဦးမြတ်ကျော်
- အဖွဲ့ဝင် - ဒေါ်ဆင့်ဆင့်

---

## ငွေစာအုပ်ထိန်း

- ဦးတင်နိုင်
- ဒေါ်မိုးမိုး

## ဝေဖန်အကြံပြု ကိုယ်စားလှယ်

- ဦးညွန့်ဝင်း
- ဒေါ်နွဲ့နွဲ့ရင်

## ငွေစာရင်းကိုင်

- ဦးခင်နိုင်

# ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
# ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများ





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာဖာစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ ကောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး ပိုက် | 09 - 791412900 | ဦးကျော်ဇေမြင့် |

| ပြည်နယ်၊တိုင်းဒေသကြီး မန္တလေး | မြို့နယ် ညောင်ဦး | ကျေးရွာအုပ်စု ကောင်းဇူး | ကျေးရွာ ကောင်းပင်စီ |
|---|---|---|---|

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၆၂ | ဘာသာ (၁) ဗုဒ္ဓ | ၃၆၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂၇ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၁၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၁၆ | ၉၆၇ |
| လူမျိုးစု (၁)------------ | ဗမာ | ဗမာ |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အိမ်ထောင်ဦးစီး | ၂၈၈ | ၇၄ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☑ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | နတ်စင် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း   ကတ္တရာလမ်း   ကွန်ကရစ်လမ်း   (မော်တော်ဆိုင်ကယ်လမ်း)
ကျောက်ခင်းလမ်း   (မြေသားလမ်း)   လူသွားလမ်း   အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်   ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?   ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?   နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?   ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?   မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ---------------

မိုးရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ---------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ   ☑ ရှိပါသည်   ရှိလျှင်ဖော်ပြပါ [illegible]

၂၀၁၂

**(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရေကော်မတီ
(၂) မီးကော်မတီ

GAD · မှတ်ပုံတင်ထားမှု ရှိပါသည်။

ကျေးရွာခေါင်းဆောင် — အမည် ဦးပိုက်

လက်မှတ် — နေ့စွဲ ၁၁.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဦးကျော်ဇင်ဖြိုး

လက်မှတ် — နေ့စွဲ ၁၁.၁.၂၀၁၇

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော် ဦးကျော်ဇော်ဖြိုး [?] | | | |
| နေ့စွဲ ၁၀.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မန္တလေး [?] | မြို့နယ် ညောင်ဦး [?] | ကျေးရွာအုပ်စု ကောင်းပင် [?] | ကျေးရွာ ကောင်းပင်စိန် [?] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် | လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၀.၁.၁၇ | ၁၀.၁.၁၇ | ၈၃ | ၁၀၄ | ၁၈၇ | ၁၈၇ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၁.၁.၁၇ | ၁၁.၁.၁၇ | ၈၃ | ၁၀၄ | ၁၈၇ | ၁၈၇ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၄.၁.၁၇ | ၁၄.၁.၁၇ | ၃၃ | ၂၀ | ၅၃ | ၅၃ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၄.၂.၁၇ | ၄.၂.၁၇ | | | | | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦး ကျော်ခင်ဖြိုး | | | | | | |
| နေ့စွဲ | ၁၁.၁.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | | | |
| ပြည်နယ်/တိုင်း | မန္တလေး | မြို့နယ် | ညောင်ဦး | ကျေးရွာအုပ်စု | တောင်ဇင်း | ကျေးရွာ | ကောင်းပင်စီ |

ကး အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | စီးအားနည်း၍ချက်ပြုတ်ရေး၊ စာဖိုင်စီးမှုများရေး လုပ်မရ | ၁ | သားသမီးတွင်စာဖတ်၍မရပါ (စီးအားနည်း) |
| ၂ | ကားလှည်းရှောင်၍မရ လမ်းကျဉ်းကျပ်လမ်း | ၂ | ရေဝင်နည်းပါး၍သောက်သုံးရေ မလုံလောက်ခြင်း |
| ၃ | ကျောင်းသား၊ သူများသွားရေးလာရေးအတွက် လမ်းကောင်းမရှိ | ၃ | အ.ထ.က ကျောင်းသွားလမ်း သဲထူ |
| ၄ | မြေသားကန်တွင်ရေမစီး၍သောက်သုံးရေ ခက်ခဲ | ၄ | ရွာမှ အုပ်စုသို့သွားလမ်း ပြုပြင်ရန် |
| ၅ | စာဖတ်ဂျေတာ စက်ခဲ၍ ဓာတ်ဆီ သုံးစွဲနည်းပါး | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | စီးအားမြင့်စီးများရေးလုပ်ငန်းဖွံ့ဖြိုးလာအောင် နိုင်မယ် | ၁ | တစ်ရွာလုံး စီးတွေထိန်ရမယ်။ |
| ၂ | ယာဉ်တိုက်မှုတွေ နည်းပါးသွားမယ် | ၂ | နှစ်ပတ်လည်သောက်ရေတွေ ရရှိရန် |
| ၃ | ကလေးတွေ သွားလာရ လွယ်ကူမယ် | ၃ | သွားလာရေး ကောင်းမွန်ရမယ် |
| ၄ | နှစ်ပတ်လည်ရေ သုံးနိုင်မယ် | ၄ | အုပ်စုရွာချင်းဆက်လမ်း ပိုမိုကောင်းမွန်ရန် |
| ၅ | တစ်ရွာလုံး ဓာတ်ဆီ သုံးစွဲမှုတွေတိုးလာမယ် | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဖြစ်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စီးကြိုး၊ စီးတိုင် | ကျား + မ | 18000000 | 1783 |
| ၂ | ရွာဝင်လမ်းပြုပြင်ခြင်း (ကျောက်ချော) | ကျား + မ | 9000000 | ” |
| ၃ | မြေသားရေကန် ပြုပြင်ခြင်း (ရေဝင်လမ်း) | ကျား + မ | 10000000 | ” |
| ၄ | | | | |
| ၅ | ရွာချင်းဆက်လမ်းပြုပြင်ခြင်း | ကျား + မ | 11000000 | ” |

ယ။ လူထုစီမံကိန်း၏ လာမည့် (၅) နှစ်အတွက်အကျိုးမပင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကွန်ပျူတာ သင်တန်း | မ | |
| ၂ | [illegible] | မ | |
| ၃ | စိုက်ပျိုးရေး / မွေးမြူရေး | | |
| ၄ | [illegible] | ကျား + မ | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှ အတည်ပြုသည်။

အမည် --- ဦးဖြေးအောင် --- လက်မှတ် --- [signature] --- နေ့စွဲ --- ၁၁.၁.၂၀၁၇

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ ပါဝင်ပါ။)

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဇေယျ ၊ ဒေါ်ဝင်းမွန်မြင့်

ရက်စွဲ ၁၄ . ၁ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(V) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ဧရာဝတီ | ကျေးရွာအုပ်စု ဆောင်ဝင်း

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့ | စုစုပေါင်း |
| ကွမ်းပလား | ရွာလယ်ပင်လမ်း ပြင်ဆင်ခြင်း | ၁၂၀၀' x ၁၈' x ၉" | | ☐ ကျား ☐ မ ☑ ကျား+ မ | ၇,၀၀၇,၀၀၀ | | ၁၃၀၀,၀၀၀ | ၈၃၀၀,၀၀၀ |
| ၁၃၄ တော | ဦးကြိုး ၊ ဇီးတိုင် ဘေ့ပင်တံတားဖြင့် | ၃၀၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉၀၀၀,၀၀၀ | | ၃၀၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |
| ကောင်းပစ် | ဦးကြိုး ၊ ဇီးတိုင် ဘေ့ပင်တံတားဖြင့် | ၃၀၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၈၉၇၄,၂၄ | ၉၅၉၇၄,၂၄ |
| သနော်ဝ | ဦးကြိုး ၊ ဇီးတိုင် ဘေ့ပင်တံတားဖြင့် | ၂၅၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၆,၀၀၀,၀၀ | ၉,၆၀၀,၀၀ |
| ကျောင်း တော | ဦးကြိုး ၊ ဇီးတိုင် ဘေ့ပင်တံတားဖြင့် | ၄,၀၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၁၃၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |

ရေသူး ကျေးရွာအုပ်စုမှ စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဦးညွှန့်ဖြူ  လက်မှတ်၊ [signature]  ရက်စွဲ ၊ ၁၄ . ၁ . ၂၀၁၇

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံမှန်ကန်စွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး ကျော်ဇင်မြင့် ၊ ဒေါ် သက်မွန်ဦး |
| ရက်စွဲ ၁၄ . ၁ . ၂၀၁၇ — စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(V) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး — မြို့နယ် ရေနံချောင်းမြို့ — ကျေးရွာအုပ်စု သောင်ဝင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
| ကျွန်းရွာ | နီကြီး-ဖိုးကွင်း ပါဝါမီတာ ဒုဗ္ဗဘက်ကျင်းခြင်း | ၁၈၅၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၆၀၀,၀၀၀ \| | ၉,၆၀၀,၀၀၀ |
| ဟလိုင်းတော | ဓာတ်လျှပ်စက် ဖြင့် မီးလင်းခြင်း | ၃၃ ကီလိုဗို့ KVA ၂၀၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၉၀၀,၀၀၀ \| | ၉,၉၀၀,၀၀၀ |
| တောရွာ | ဓာတ်လျှပ်စက် ဖြင့် မီးလင်းခြင်း | ၃၃ ကီလိုဗို့ KVA ၂၂၀၀' | | ☐ ကျား ☑ မ ☑ ကျား+ မ | ၈,၀၀၀,၀၀၀ | | ၃,၀၀၀,၀၀၀ \| | ၁၁,၀၀၀,၀၀၀ |
| ဝံပြ | ဓာတ်လျှပ်စက် ဖြင့် မီးလင်းခြင်း | ၂၃၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၈,၃၀၀,၀၀၀ | | ၁,၉၀၀,၀၀၀ \| | ၁၀,၂၀၀,၀၀၀ |
| ရွှေဖြစ် | ရေနိုက်လိုင်း ဒုဗ္ဗဘက်ကျင်းခြင်း | ၁၁၃၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၃၀၀,၀၀၀ \| | ၉,၃၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဦးသန်းဝင်း —— လက်မှတ် —— ရက်စွဲ ၁၄ . ၁ . ၂၀၁၇

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ဖြည့်စွက်ပြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဝင်းမြင့်၊ ဒေါ်သက်နှင်းဦး

နေ့စွဲ ၁၄.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☒စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ငွေဘုရင် | ကျေးရွာအုပ်စု တောင်ဝင်း

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ရွာသစ်ကြေ | ရေအုတ်ကန်နှင့် ရေပိုက်လိုင်း သွယ်တန်းခြင်း | | | ☐ ကျား<br>☐ မ<br>☒ ကျား+ မ | ၉,၀၀၀,၀၀၀ | | | | ၉,၀၀၀,၀၀၀ |
| ပန်းတွင်း | တာသင်ကျောင်း အောင်မြေမြင့် | ၉၀' x ၂၇'<br>x ၁၀' | | ☐ ကျား<br>☐ မ<br>☒ ကျား+ မ | ၉,၉၀၀,၀၀၀ | | | | ၉,၉၀၀,၀၀၀ |
| ကံကျဲ | ရေကျော် မြေမြင့်ခြင်း | ၁၆၅' x ၁၂'<br>၁'၆" | | ☐ ကျား<br>☐ မ<br>☒ ကျား+ မ | ၉,၀၀၀,၀၀၀ | | | | ၉,၀၀၀,၀၀၀ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စုမှ စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဦးမြင့်ဦး လက်မှတ်၊ [signature] ရက်စွဲ၊ ၁၄.၁.၂၀၁၇

"လူထုဗဟိုပြု စီမံကိန်း"

ဒုတိယနှစ် စက်ဝန်း

စီမံကိန်း မိတ်ဆက် အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ကောင်းပင်စည်   အုပ်စုအမည် - တောင်ဇေ

နေရာ - ဘုန်းကြီးကျောင်း   ရက်စွဲ - ၁၀.၁.၂၀၁၇

အစည်းအဝေး စတင်ချိန် - ၁:၀၀   ပြီးဆုံးချိန် - ၅:၀၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၉၃) မ (၁၀၄)

လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ် စက်ဝန်း ပထမ အကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေးကို ၁၀.၁.၁၇ ရက်နေ့ တွင် ပြုလုပ်ခဲ့ပါ သည်။ ပထမဦးစွာ အခမ်း အနား အစီအစဉ် များကို ကြေညာကြား ခဲ့ပါသည်။ ထို့နောက် အခမ်းအနား ဖွင့် လှစ်ကြောင်း ပြောကြား ပေးခဲ့ပြီး ကျေးရွာ အုပ်ချုပ်ရေး မှူး ဦးဖိုးပိုက် မှ အဖွင့် အမှာ စကား ပြောကြား ခဲ့ပါ သည်။ ကျေးရွာ လူထုမှ အစည်းအဝေးများ တက် ရောက်ပြီး ပူးပေါင်း ပါဝင် ဆောင်ရွက်ကြရန် နှင့် တိုင်ပင် ဆွေးနွေးပြီး ပြုလုပ်ကြရန် ပြောကြား ခဲ့ပြီး အစည်း အဝေး မပြီးဆုံးခင် ပြန်မသွားကြပဲ အစည်း အဝေး ပြီးဆုံး သည် အထိ တက်ရောက် ပေးကြရန် ပြောကြား ခဲ့ပါ သည်။

လူထု စည်းရုံး ရေး မှူး ဦးကျော်ဇင်ဖြိုး မှ ယခု အစည်းအဝေး ပြုလုပ်ရ သည့် ရည်ရွယ် ချက်ကို ရှင်းပြခဲ့ပြီး အလုပ်တွေ မအားလပ် ပေမယ့် အစည်းအဝေးကို တက်ရောက်ပေးတဲ့ အတွက် ကျေးဇူးတင်ကြောင်း စကား ပြောကြား ခဲ့ပါ သည်။ ထို့နောက် လူထုဗဟိုပြု စီမံကိန်း အကြောင်း ကို ကျေးရွာ လူထု နှင့် အပြန်အလှန် ဆွေးနွေး ခဲ့ကြပြီး စီမံကိန်း ၏ ရည်ရွယ် ချက် ကို ကျေးရွာ လူထု နား လည် အောင် ရှင်းပြ ဆွေးနွေး ခဲ့ပါသည်။

ထို့နောက် ဦးဇော်ဝင်းထွန်း မှ စီမံကိန်း စက်ဝန်း အကြောင်း အရာ များ တွင်ပါဝင်သော အဆိုင်း (၆) ဆိုင်း နှင့် အဆင့် (၁၄) ဆင့် ကို သေချာစွာ ရှင်းပြ ခဲ့ပါသည်။

စီမံကိန်း စက်ဝန်း အသင်း တစ်ခု စီတွင် ပထမနှစ်က တွေ့ကြုံခဲ့သော အကြောင်းအရာများကို ပြန်လည် ဆွေးနွေးခဲ့ပြီး အသင်းဝင်းတွင် ဥပမာများ ပေး၍ ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။ ထို့နောက် ရန်ပုံငွေ အကြောင်းကို ဒေါ်ခင်မျိုးမြင့် မှ ရှင်းပြခဲ့ပါသည်။ စီမံကိန်း မှ ရန်ပုံငွေများ ချထားပေးရာတွင် တစ်ရွာချင်းစီ၏ လူဦးရေကို ထောက်ပံ့ တာမဟုတ်ပဲ အုပ်စုရဲ့ လူဦးရေအပေါ်မှာ မူတည်ပါပြီး ထောက်ပံ့ပေးသော ကြောင့် အုပ်စုမှ သုံးဖြတ်မည် ဖြစ်ကြောင်းနှင့် ရန်ပုံငွေများကို ခွဲဝေရာတွင် လုပ်ငန်းများအပေါ် မူတည်ပါပြီး ခွဲဝေသတ်မှတ်ကြောင်း ရှင်းပြခဲ့ပါသည်။ ယခုနှစ် အတွက် ရန်ပုံငွေ အသုံးအလဲ ရှိကြောင်းကိုလည်း ကျေးရွာလူထု နားလည်အောင် ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာတွင် ယခုနှစ် လုပ်မည့် လုပ်ငန်းများ အတွက် အကျုံးဝင်သော လုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများကို ဒေါ်သက်မွန်ဦး မှ ရှင်းပြခဲ့ပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးရွာမှ အဆိုပြုထားသော လုပ်ငန်းများကို ဖိုရမ်သို့ တင်ပြရပါသည်။ ဖိုရမ်မှ ခွင့်မပြုသော လုပ်ငန်းများကို လုပ်ဆောင်၍ မရကြောင်း၊ ရွာသားများ ထိခိုက်နစ်နာသော လုပ်ငန်းများနှင့် အရည်အသွေး မပြည့်မှီသော လုပ်ငန်းများ မရကြောင်း ကျေးရွာလူထု နားလည်အောင် ရှင်းပြခဲ့ပါသည်။ ဆက်လက်၍ အကာအကွယ် အကြောင်းကိုလည်း ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ လူတိုင်း အတွက်လည်း အကာအကွယ်များ အသုံးပြုသင့်ကြောင်းကို ဥပမာများဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။ ဖြစ်နိုင်ခြေ ရှိသည့် ဆိုးကျိုးများကို လျှော့ချနိုင်ရန် အတွက် အကာအကွယ်ဆိုတာ အရေးကြီးကြောင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ အဓိက အခန်းကဏ္ဍ တစ်ခု ဖြစ်သော ကျား/မ ရေးရာကို ဒေါ်ခင်မျိုးမြင့် မှ ဆွေးနွေးခဲ့ပါသည်။ ကျား/မ ရေးရာ အတွက် မေးခွန်းများ မေးခဲ့ပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေး ခဲ့ကြသည်။ ကျား/မ ရေးရာ၏ အဓိက အချက် (၅) ချက်ကိုလည်း တင်ပြ ဆွေးနွေးခဲ့ပြီး ၊ ဝေဖန် အကြံပြု တိုင်ကြား ဖြေရှင်းရေး ယန္တ

အကြောင်းကိုလည်း ဆေးညွှန်းများနှင့် တကွ ဆွေးနွေးခဲ့ပါသည်။
လုပ်ငန်းများ လုပ်ဆောင်ရာတွင် မှန်ကန်စွာဖြင့်သာမှ ရှိစေရန်နှင့် လျှင်မြန်
ထိရောက်စွာ တုံ့ပြန်ဖြေရှင်းပေးနိုင်သော နည်းစနစ်ကြောင်းကို ကျေးရွာလူထုနှင့်
ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် အကြမ်းဖက်မှု တိုင်ကြား ဖြေရှင်းရေး နည်းစနစ် လုပ်ငန်းစဉ်
များနှင့် အသင့်အတင့် ဦးဆောင်မှုများကိုလည်း ကျေးရွာလူထု နားလည်အောင်
ဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး လုပ်ငန်းလည်ပတ်မှုပြင်ဆင် ထိန်းသိမ်းရေး
အကြောင်းကို ဦးကျော်ခင်ဖြိုး မှ ဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းများ ရေရှည်တည်
တံ့နိုင်မည့်အကြောင်း၊ ဆက်လက် အသုံးပြုနိုင်အောင်၊ လည်ပတ်ထိန်းသိမ်း
ရေး အစီအစဉ်များ လိုအပ်ကြောင်း၊ ရေရှည်တာဝန်ယူရမည့် ဖြစ်ကြောင်းနှင့်
ရန်ပုံငွေ များလည်း ကောက်ခံထားသင့်ကြောင်း ဥပမာများဖြင့် ကျေးရွာ
လူထု နားလည်အောင် ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထုမှလည်း ပူးပေါင်း
ပါဝင်မှုသာ အောင်မြင်နိုင်မည်ဟု ဆွေးနွေးခဲ့ပါသည်။ ထို့နောက် အခွင့်အရေး
နှင့် တာဝန်ဝတ္တရားများကို ဦးဇော်ဇော်အောင် မှ ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထု
တွင် အခွင့်အရေးများ ရှိကြောင်း၊ ထိုအခွင့်အရေးများကို သိရှိပြီး
အသုံးချတတ်ဖို့ လိုအပ်ကြောင်း၊ ဆုံးဖြတ်ချက် ချမှတ်ခွင့်တွေကို သိရှိ
ပြီး သတင်းအချက်အလက်တွေ ရယူဖို့ ဆွေးနွေးခဲ့ပါသည်။
ကျေးရွာ၏၊ ဝေဟာက ကော်မတီဝင်တွေရဲ့ တာဝန်ဝတ္တရားများကို သေချာ
စွာ နားလည်အောင် ရှင်းပြပေးခဲ့ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်
ကျေပွန်မှု ၏ အဓိပ္ပါယ်များကို ရှင်းလင်းစွာ ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍
စီမံကိန်းမှ ထောက်ပံ့ထားသော သောက်ရေ၊ သုံးရေ ကျင့်ဝတ်များကို
ကျေးရွာတွင် ကြုံတွေ့နေရသော ဥပမာများဖြင့် ဆွေးနွေးခဲ့ပါသည်။
ထို့နောက် ကျေးရွာ အတွက် လိုအပ်ပြီး ဝေတနာထား ပြုလုပ်ရသော
စီမံကိန်းကို စိတ်ဝင်စားသော ကျေးရွာ ဝေတနာ ဝန်ထမ်း (၂၂) ဦးကို
ကျား (၁၁) ဦး၊ မ (၁၁) ဦး ရွေးချယ်ခဲ့ပါသည်။ ကျေးရွာလူထုမှ ရွေးချယ်
တင်မြှောက်ခဲ့ပြီး ဝေတနာဝန်ထမ်းများမှလည်း စီမံကိန်းကို စိတ်ဝင်စားသော
ကြောင့် လူမှု၊ စီးပွားမှု ရရှိခဲ့ပါသည်။

# လူထုဗဟိုပြု စီမံကိန်း

## ဒုတိယအဆင့် စာတမ်း

### စီမံကိန်း မိတ်ဆက် အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ကောင်းပင်စဉ် အုပ်စုအမည် - တောင်ရင်း

နေရာ - ဘုန်းကြီးကျောင်း ရက်စွဲ - ၁၁.၁.၂၀၁၇

အစည်းအဝေး စတင်ချိန် - ၁း၀၀ ပြီးဆုံးချိန် - ၄း၃၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၉၃) မ (၁၀၄)

အစည်းအဝေး မစတင်ခင် ကျေးရွာလူထုနှင့် ပ၀၀အဖွဲ့ အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး နောက် ဒုတိယအဆင့် အစည်းအဝေး အစီအစဉ်များကို ဦးကျော်ဝင်းမြင့် မှ ရှင်းပြ ခဲ့ပါသည်။ ထို့နောက် လူမှုအသိုင်းအဝိုင်း များ မှ လုပ်ရသည့် ရည်ရွယ်ချက် အစီအစဉ်နှင့် ပ၀၀နှင့်က တွေ့ဆုံခဲ့ ရသော အကြောင်းအရာများကို အနည်းငယ် ပြောကြားခဲ့ပြီး အုပ်စု ခွဲ၍ ဆွေးနွေးခဲ့ပါသည်။ လူမှု / အရင်းအမြစ် မြေပုံ ၊ ဥတု[illegible] ပိုင်ဆိုင်မှု အဆင့် ခွဲခြားသတ်မှတ်ခြင်း ၊ ရာသီခွင်ပြ ပြက္ခဒိန် ၊ အဖွဲ့အစည်း ချိတ်ဆက်မှု ဖိုးကားချပ် ၊ ကျား ၊ မ ပင့်ကူအိမ် နှင့် ကျား ၊ မ အရင်းအမြစ် ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု တို့ကို ကျေးရွာလူထု အားလုံး ပူးပေါင်း ပါဝင်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုမှ PRA တစ်ခုချင်းစီကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုကို ကျား ၊ မ အုပ်စု များ ခွဲ၍ ကျေးရွာတွင် အရှိတကယ် လိုအပ်သော ၊ ရင်ဆိုင် နေရသော အခက်အခဲ များ နှင့် မျှော်မှန်းချက် များကို ဝိုင်းဝန်း ဆွေးနွေး ပေးခဲ့ပြီး စာရွက်ပေါ် တွင် ချရေးခဲ့ သည်။ ထို့နောက် အခက်အခဲ များ၏ အကြောင်းအရင်းကို အဖြေရှာရန် အတွက် သစ်ပင်နှင့် နှိုင်းယှဉ် ပြီး ပြဿနာ သစ်ပင်ရေးဆွဲရာ အကြောင်းအရာများ နှင့် အကျိုး

သက်ရောက်မှုများကိုလည်း ကျေးရွာလူထုအား နားလည်နိုင်သော ဥပမာ
များဖြင့် ရှင်းပြခဲ့သည်။ ထို့နောက် ကျေးရွာအတွက် ဦးစားပေး လုပ်ငန်း
များ ရွေးချယ်ရာတွင် လိုချင်တာနဲ့ လိုအပ်တာကို ခွဲခြားစေအောင်
ဥပမာများဖြင့် ဆွေးနွေးခဲ့ပြီး ကျေးရွာလူထု၏ အများဆန္ဒ အတိုင်း
ဦးစားပေး လုပ်ငန်းများကို ရွေးချယ်ခဲ့ပါသည်။ ဦးစားပေး လုပ်ငန်းများ
ရွေးချယ်ပြီးသောအခါ ကျေးရွာ၏ ( ၄ ) နှစ်တာ ဖွံ့ဖြိုးရေး အစီအစဉ်
ကို ရေးဆွဲခဲ့သည်။

ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ ရွေးချယ်ပြီး
သောအခါ ထိုလုပ်ငန်းများ လုပ်ဆောင် အကောင်အထည်ဖော်နိုင်ရန်
ကျေးရွာတွင် ကော်မတီများ ဖွဲ့စည်းရန် လိုအပ်ကြောင်းကို ထပ်မံရှင်းပြ
ခဲ့ပါသည်။ ကော်မတီများ ဖွဲ့စည်းရန် အတွက် ကျေးရွာ စီ၊ ထောက်
ကော်မတီ ဖွဲ့စည်းပုံနှင့် အုပ်စု ကော်မတီ ဖွဲ့စည်းပုံ တို့ကို ပထမဦးစွာ
ရှင်းပြခဲ့ပြီး ကော်မတီဝင်များ၏ တာဝန် ဝတ္တရားများကို ထပ်မံရှင်းပြ
ခဲ့ပါသည်။ ကော်မတီများ ရွေးချယ်ရာတွင် သွေးမျိုး အရင်းများ မပါဝင်ရန်၊
လူမှန်၊ နေရာမှန် ရွေးချယ်တတ်ရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့ပြီး
ကျေးရွာလူထု အများသဘော ဆန္ဒဖြင့် ကော်မတီဝင်များကို ရွေးချယ်ခဲ့
ပါသည်။

အကြောင်းအရာများ အားလုံးကို အနှစ်ချုပ်ပြီး အစည်းအဝေး
အောင်မြင်စွာ ပြီးဆုံးကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။
ကော်မတီဝင်များ အားလုံးကို အချက်အလက်များ ဖြည့်ခဲ့ပြီး လက်မှတ်ရေးထိုး
စေခဲ့ပါသည်။ ကျေးရွာ စီ၊ ထောက် ကော်မတီဝင်များနှင့် မှတ်တမ်း ဓာတ်ပုံ
ရိုက်ကူး၍ [illegible] ၁၁ နာရီ မိနစ်ကြိုး [illegible] အစည်းအဝေး အောင်မြင်စွာ
ပြီးဆုံးခဲ့ပါသည်။

## ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက် အဦး | ၁ | မီးလင်းရေး | ကျား + မ | ၁ / ၂၀၁၇ | | |
| | ၂ | ကျောက်ချောလမ်း ခင်းခြင်း | " | " | | |
| | ၃ | မြောင်းရေကျ ပြုပြင်ခြင်း | " | " | | |
| | ၄ | ရွာချင်း ဆက်လမ်း | " | " | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | ကွန်ပျူတာ သင်တန်း | မ | ၂၀၁၇ | | |
| | ၂ | အိမ်တွင်းမှု လုပ်ငန်း | မ | " | | |
| | ၃ | စိုက်ပျိုးရေး၊ မွေးမြူရေး | ကျား + မ | " | | |
| | ၄ | ချေးငွေ လိုအပ် | | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |